**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသိစေရန် ထပ်မံအသိပေးကြေညာချက်

ပြည်သူလူထုတစ်ရပ်လုံးတံဆိပ်ခေါင်းများကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် နေပြည်တော်၊ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း(အလယ်ဘလောက်)တို့တွင် တံဆိပ်ခေါင်းဗဟိုအရောင်းကောင်တာများ ဖွင့်လှစ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ရောင်းချပေးနေသည့်အပြင် ရုံးခွန်အက်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများနှင့် အခွန်တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ(၃၅၁)ဦးကို ခန့်အပ်၍ ရောင်းချပေးလျက်ရှိပါသည်။

သို့ရာတွင် အသုံးပြုရန်လိုအပ်သည့်အချိန်မှ ဝယ်ယူရသည့်တံဆိပ်ခေါင်းကို အသုံးလိုသည့်အချိန်တွင် အဆင်ပြေလွယ်ကူစွာ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးထားသော်လည်း အသုံးပြုရန်မလိုအပ်ဘဲ အကြောင်းအမျိုးမျိုးပြ၍ ဝယ်ယူခြင်း၊ တံဆိပ်ခေါင်းများကို တရားမဝင်ရောင်းချသူများထံ အမြတ်တင်၍ ပြန်လည် ရောင်းချခြင်းများ ပြုလုပ်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

ရုံးခွန်အက်ဥပဒေပုဒ်မ (၃၄) ပုဒ်မခွဲ(၁)တွင်-

> **"တံဆိပ်ခေါင်းရောင်းချရန် ခန့်အပ်ထားခြင်းခံရသူသည် ဤပုဒ်မအရ ပြဋ္ဌာန်းချက်များကို မလိုက်နာလျှင်ဖြစ်စေ၊ ထိုသို့ခန့်အပ်ထားခြင်းမျိုးကို မခံရသူက တံဆိပ်ခေါင်းများ ရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်ဖြစ်စေ၊ တံဆိပ်ခေါင်းကို တရားမဝင် လက်ဝယ်ထားရှိလျှင်ဖြစ်စေ ထိုသူကို (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(ငါးသိန်း)ထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။"**

ဟူ၍လည်းကောင်း၊

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ (၆၉) တွင်-

> **"(က) တံဆိပ်ခေါင်းရောင်းချရန် ခန့်အပ်ခံထားရသူ မည်သူမဆို ပုဒ်မ(၇၄) အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတစ်စုံတစ်ရာကို မလိုက်နာလျှင်၊ ထို့ပြင်**
>
> **(ခ) မည်သူမဆိုခန့်အပ်ထားခြင်းမခံရဘဲ ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကိုရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်၊**
>
> **(ဂ) တံဆိပ်ခေါင်းတစ်စုံတစ်ရာကို တရားမဝင်လက်ဝယ်ထားလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်။"**

ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ တံဆိပ်ခေါင်းများကို သတ်မှတ်တန်ဖိုးထက် ဈေးကြီးမြှင့်၍ ရောင်းချနေခြင်းကို ပိတ်ပင်တားဆီးနိုင်စေရန် သတ်မှတ်ပြဋ္ဌာန်းချက်များကို မလိုက်နာသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအားလည်းကောင်း၊ တံဆိပ်ခေါင်းများကို တရားမဝင်ရောင်းချသူများအားလည်းကောင်း ဥပဒေနှင့်အညီ အရေးယူမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန